## ထိကရုန်း

Scientific name - *Mimosa pudica* L.

Common name - Sensitive plant

Family - Fabaceae






အပင်ပုံသဏ္ဍာန်

နှစ်ရှည်ခံပင်ဖြစ်ပြီး ထောင်မတ်၍သော်လည်းကောင်း၊ မြေဦးကပ်၍သော်လည်းကောင်း ပေါက်သည်။ ၁၅ - ၁၀၀ စင်တီမီတာအထိ မြင့်နိုင်သည်။ ပင်စည်သည် အရင်း၌ သစ်မာပေါင်းဖြစ်ပြီး ထုလုံးရှည်ပုံရှိပြီး တောင့်တင်း၍ နီညိုရောင် သို့မဟုတ် ခရမ်းရောင်ရှိပြီး ဆူးငယ်များစွာပါရှိသည်။ သို့ရာတွင် ကြီးထွားသည့်အခါပြန့်ကား၍ နွယ်တတ်သည်ကိုတွေ့ရသည်။ အရွက်သည် အစိမ်းရင့်ရောင် နှစ်မြွာငှက်မွေးရွက်ပေါင်းဖြစ်ပြီး ငှက်မွေးရွက်ပေါင်း တစ်ခုတွင် အစုံလိုက်ရွက်မြွာ ၁၂ - ၅၀ ခု ပါရှိသည်။ ပန်းခိုင်သည် ကြားထွက်ပန်းခိုင်ဖြစ်၍ လုံးဝိုင်းကာ ခရမ်းရောင်သန်းသော ပန်းရောင်ရှိသည်။ အသီးသည် အဆုပ်လိုက်သီးသည်။ အသီး၏ဘေးတစ်လျှောက်တွင် ချွန်ထက်သော ဆူးငယ်များပါရှိသည်။ အစေ့သည် အညိုဖျော့ရောင်ရှိပြီး သေး၍ပြားသည်။ အစေ့အားဖြင့် အဓိကမျိုးပွားသည်။